ICRC

**၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)သည် မြန်မာနိုင်ငံအနှံ့တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး လွန်ခဲ့သောရက်များအတွင်း တွေ့ရှိရသည့် ပို၍ပို၍ ပြင်းထန်လာသည့်ဖြစ်ရပ်များနှင့် ယင်းတို့နှင့်ဆက်နွယ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်မကင်းဖြစ်မိပါသည်။

ဆန္ဒပြမှုများသည် ဆက်လက်၍ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာနေသည့်အချိန်များတွင်နှင့် သေဆုံးသူများနှင့် အလွန်အမင်းဒဏ်ရာရသူများ၏အရေအတွက် ပိုမိုများလာသည့်အချိန်တို့တွင် ထိန်းထိန်းသိမ်းသိမ်းရှိကြရန် အိုင်စီအာရ်စီက အားလုံးကို တိုက်တွန်းလိုပါသည်။

အိုင်စီအာရ်စီက ထပ်မံအသိပေးလိုသည်မှာ ဆန္ဒပြမှုများအတွင်း တင်းမာမှုများ မြင့်တက်လာသည့် အချိန်တွင် ဥပဒေအာဏာသက်ရောက်စေရန် ဆောင်ရွက်သည့်လုပ်ငန်းများတွင် ပါဝင်သည့် ရဲနှင့်စစ်တပ် တပ်ဖွဲ့ဝင်များသည် စေ့စပ်ညှိနှိုင်းခြင်းနှင့် ပြေလည်မှုရစေရန်ဆောင်ရွက်ခြင်းတို့ကို ပထမဦးစွာ ပြုလုပ်ရမည်ဖြစ်ပြီး အင်အားအသုံးပြုရန် လိုအပ်သည့် ခြွင်းချက်အနေအထားမျိုးမှလွဲ၍ အင်အားကို အသုံးမပြုရပါ။ အင်အားအသုံးပြုရန် မလွှဲမရှောင်သာသည့်အခြေအနေတွင် အသုံးပြုသည့်အင်အားသည် ရင်ဆိုင်နေရသည့်အန္တရာယ်နှင့် အချိုးအစားလျော်ကန်သည့် အင်အားကိုသာ အသုံးပြုရမည်ဖြစ်ပြီး အရပ်သားပြည်သူများ၏ အသက်နှင့်ရုပ်ပိုင်းဆိုင်ရာဂုဏ်သိက္ခာအပေါ် အန္တရာယ်ကျရောက်နိုင်မှုမှ ကာကွယ်တားဆီးရန် သို့မဟုတ် နည်းနိုင်သမျှနည်းစေရန် ဖြစ်နိုင်ခြေရှိသည့် ကြိုတင်ကာကွယ်မှုများ အားလုံးကို ဆောင်ရွက်ရမည်။

ဒဏ်ရာရသူများသည် ဆေးကုသမှုရရှိရန် အလွန်အရေးကြီးသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည့် ပုဂ္ဂိုလ်များနှင့် မော်တော်ယာဉ်များ၊ ဆေးရုံဆေးခန်းများကို အလေးထားလေးစားမှုနှင့် ကာကွယ်စောင့်ရှောက်မှု အပြည့်အဝပေးရန် အိုင်စီအာရ်စီကတောင်းဆိုသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ပုဂ္ဂိုလ်များနှင့် လူနာတင်ယာဉ်များကို အားလုံးက အလေးထား လေးစားမှသာ ယင်းတို့သည် ဒဏ်ရာရထားသူများထံ အန္တရာယ်ကင်းစွာသွားရောက်နိုင်ပြီး အကူအညီပေးနိုင်မည် ဖြစ်သည်။ ဒဏ်ရာရထားသူများကို အကူအညီပေးရန် လုပ်ငန်းဆောင်ရွက်သည့်အခါ ယင်းတို့ကို ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း မပြုရ။

ဖမ်းဆီးခံထားရသူများ သို့မဟုတ် ထိန်းသိမ်းခံထားရသူများကို လူသားချင်းစာနာစွာပြုမူဆက်ဆံရမည်ကို အိုင်စီအာရ်စီကထပ်မံအသိပေးလိုသည်။ ယင်းတို့၏အသက်၊ ခန္ဓာနှင့်ဂုဏ်သိက္ခာကို အခြေအနေအားလုံးတွင် အလေးထားလေးစားရမည်ဖြစ်ပြီး ကာကွယ်စောင့်ရှောက်မှုပေးရမည်။

အိုင်စီအာရ်စီသည် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ပြီး ယင်း၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိုးရိမ်ဖွယ်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာအာဏာပိုင်များအား ဆက်လက်၍ ပြောကြားသွားမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု အဖွဲ့ဝင်များနှင့်အတူ အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ဆက်လက် အကူအညီပေးသွားမည်ဖြစ်ပါသည်။ လွန်ခဲ့သည့်သီတင်းပတ်လေးပတ်အတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် စေတနာ့လုပ်အားရှင် ၁၅၀၀ ဦးနှင့် လူနာတင်ယာဉ် ၁၂၀ တို့ဖြင့် မကြာခဏဆိုသလို အန္တရာယ်ရှိနေသည့်အခြေအနေမျိုးတွင် ရှေးဦးပြုစုခြင်းနှင့် အရေးပေါ်ဆေးကုသမှုရရှိရန်အတွက်သယ်ယူပို့ဆောင်ပေးမှုကို လိုအပ်သူများအားလုံး အတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယနေ့အချိန်အထိ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူပေါင်း ၅၀၉ ဦးအတွက် ရှေးဦးပြုစုခြင်းနှင့် အရေးပေါ်ဆေးကုသမှုရရှိရန်အတွက် သယ်ယူပို့ဆောင်ပေးမှုကို ပြုလုပ်ပေးခဲ့ပါသည်။

*အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)သည် ခွဲခြားမှုမရှိဘဲ ဘက်လိုက်မှုကင်းကာ ကြားနေပြီး လွတ်လပ်စွာရပ်တည်သည့် အဖွဲ့အစည်းဖြစ်ပါသည်။ ယင်း၏ တစ်ခုတည်းသောတာဝန်ဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ လက်နက်ကိုင်ပဋိပက္ခနှင့် အခြားအကြမ်းဖက်မှု အခြေအနေများကြောင့် ဒုက္ခရောက်သူများ၏ အသက်နှင့်ဂုဏ်သိက္ခာကို အကာအကွယ်ပေးရန်နှင့် ယင်းတို့အား အထောက်အပံ့ပေးရန် ဖြစ်သည်။ ထို့အပြင် အိုင်စီအာရ်စီသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာမူများကို အများသိရှိလေးစားလိုက်နာလာအောင် ဆောင်ရွက်ခြင်းနှင့် ခိုင်မာလာအောင်ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲဒုက္ခများကို ကာကွယ်တားဆီးရန်လည်း ကြိုးပမ်းဆောင်ရွက်ပါသည်။*


အချက်အလက်များ သိရှိနိုင်ရန်

U Kyaw Khine Minn, kminn@icrc.org

Jacqueline Fernandez, jfernandez@icrc.org

or visit: www.icrc.org / www.facebook.com/icrcmm/